# နေရာထိုင်ခင်းထိန်းသိမ်းရေးကော်မတီ
# အစည်းအဝေးခန်းမ။ ချီး(ခ)ကလပ်(ခ) (Cheek-Clark) အဆောက်အအုံ
# မတ်လ ၁၊ ၂၀၁၂

## ကြိုဆိုခြင်းနှင့်မိတ်ဆက်ခြင်း

မစ္စစ်လေးဟော့တ် (Lea Holt) မှအစည်းအဝေးတက်ရောက်လာသူများအားလုံးကိုကြိုဆို၍ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ တက်ရောက်လာကြသောအကြံပေးကော်မတီအဖွဲ့ဝင်များမှာ - ဗာဂျီးနီးယားဘေလေ့ဗ် (Virginia Baillif)၊ စယ်လ်ဗီယာဘလန်း (Sylvia Bland)၊ ရှောင်းကယ်လ်ဝဲလ် (Shawn Caldwell)၊ ဒေးဗစ်ဖရဲလေး (David Fraley)၊ ဂျွန်ဝီလျှံ (John Williams)၊ အင်ဂျလာဝူးမက် (Angela Womack)၊ ဒိုနယ်လ်ရိုက် (Donald Wright) ကျော်အောင် (Kyaw Aung)၊ စောလောလမူး (Saw Lawla Moo)၊ နှင့်ဂျော့စ်ဂျိန်း(စ) (George James) တို့ဖြစ်ပါသည်။ ဂျူနီတာ ဝီလျှံ (Juanita Williams) တစ်ဦးတည်းသာအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းမရှိပါ။ ထရေစီအက်နရူး (Tracy Agnew)၊ ခရစ်စတိုဖာချယ်ရွန် (Christopher Chiron) ကယ်ရိုလင်းအဲန်လန် (Carolyn Elfland)၊ နှင့် စီမံခန့်ခွဲရေးပံ့ပိုးမှုမှ မေရီကရဲလ်ဗင် (Mary Craven) တို့လည်းတက်ရောက်ခဲ့ပါသည်။

## အစည်းအဝေးမှတ်တမ်းများ- ဖေဖော်ဝါရီ ၂၊ ၂၀၁၂ အစည်းအဝေး

မစ္စစ်လေးဟော့တ် (Lea Holt) မှအဖွဲ့ဝင်တစ်ဦးစီအား ဖေဖော်ဝါရီ ၂၊ ၂၀၁၂ အစည်းအဝေး မှတ်တမ်းအချက်များကိုပြန်လည် လေ့လာကြည့်ရှုရန်မိနစ်အနည်းငယ်အချိန်ပေးပါသည်။ ဆွေးနွေးမှုအပြီးတွင် မစ္စတာဘလန်း (Ms. Bland) မှ မှတ်တမ်းအချက်များ ရှိထားသည်တို့ကိုလက်ခံကြောင်းအဆိုပြုပြီး မစ္စတာဖရဲလေး (Mr. Fraley) မှ ယင်းကို ပြင်ဆင်ချက် နှစ်ရပ် (ဗာဂျီးနီးယားဘေလေ့ဗ် (Virginia Baillif) ၏အမည် နောက်ဆုံးအလုံး နှင့် 'submit' ဟူသောစကားလုံး) ကိုလက်ခံစေပြီး ထောက်ခံခဲ့ပါသည်။

## နေရာထိုင်ခင်းထိန်းသိမ်းရေးဒါရိုက်တာရှာဖွေခြင်း

မစ္စစ်အဲန်လန် (Ms. Elfland) က နေရာထိုင်ခင်းထိန်းသိမ်းရေးဌာနနှင့် ရှာဖွေရေးကော်မတီ တို့ထံမှ တုံ့ပြန်ချက် စာရွက်များရောက်ရှိနေဆဲဖြစ်ကြောင်း နှင့် သူမအနေဖြင့်ထိုတုံ့ပြန်ချက်များကိုအသုံးပြုကာ ဆုံးဖြတ်ချက်ကို ချမှတ်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မှထိုတုံ့ပြန်ချက်များ ပေးခြင်း လုပ်ငန်း စဉ်တွင်ပါဝင်ခဲ့ သူများအားလုံးကိုကျေးဇူးတင်ရှိခဲ့ပါသည်။

## မကြာသေးမီကဌာနရမ်းခြင်းလုပ်ဆောင်ချက်

မစ္စစ်အဲန်လန် (Ms. Elfland) မှနေ၍လွှန်ခဲ့သည့်အပတ်အနည်းငယ်အတွင်းတွင် ဌာနရမ်းခြင်းအတော်များများကို လုပ်ဆောင်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။ ပထမအသုတ်တွေ့ဆုံမေးမြန်းခြင်းသည် နေရာထိုင်ခင်းထိန်းသိမ်း သူခြောက်ဦး၊ ဖုံမန်နေဂျာလေးဦး နှင့် အဖွဲ့ခေါင်းဆောင်နှစ်ဦးတို့အတွက်ဖြစ်ပါသည်။ ဒုတိယအသုတ်တွေ့ဆုံ မေးမြန်းခြင်းသည် ဧပြီလ (နေရာထိုင်ခင်းထိန်းသိမ်းရေးအလုပ်နေရာ ၁၃ နေရာ)တွင်ဖွင့်လှစ်ခဲ့သော သွား ဘက်ဆိုင်ရာကျောင်းအဆောက်အအုံသစ်အတွက်ဖြစ်ပါသည်။ ဤရာထူးများကိုမကြာတော့မည့်အချိန်တွင် ဖြည့်သွင်းသင့်ပါသည်။

## အခြားသောကိစ္စများ

အကယ်၍ မစ္စစ်အဲန်လန် (Ms. Elfland) သည် တက်ရောက်လာသူများအနေဖြင့် စိုးရိမ်ဖွယ်ရာများ သို့မဟုတ် မေးခွန်းများရှိပါကမေးနိုင်ကြောင်းပြောပါသည်။ မစ္စတာရိုက် (Mr. Wright) ကသော့နှင့်ပတ်သတ်ပြီး - ယာယီလုပ်သားများအနေဖြင့်ယင်းတို့ကိုယ်ပိုင်သော့များဖြင့်အဆောက်အအုံတွင်းသို့ဝင်ရောက်ရန်အတွက် သော့ပုံးတွင်သော့များရှိထားသင့်သလား ဟုမေးမြန်းခဲ့ပါသည်။ မစ္စစ် ဟော့တ်က (Ms. Holt) က အတွင်း ပိုင်းသော့စနစ်များမရှိတော့ကြောင်း၊ နေရာထိုင်ခင်းထိန်းသိမ်းရေးတွင် သော့များရယူရန်အတွက် အခြား သောစနစ်များထွက်ပေါ်လာနေပြီဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မှ ယခုအချိန် တွက် ပရဝုဏ်တစ်ခုလုံးတွင်အသုံးပြုနေပြီဖြစ်သော OneCard စနစ်ကိုအသုံးပြုရန် အကြံပေးခဲ့ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မှ မစ္စတာရိုက် (Mr. Wright) အားထိုကိစ္စကို တင်ပြဖော်ပြ ခဲ့ခြင်းအတွက်ကျေးဇူး တင်ကြောင်းပြောကြားကာ ထိုကိစ္စကိုဖြစ်နိုင်သမျှအမြန်ဆုံး လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ကြောင်းပြော ကြားခဲ့ပါသည်။

နောက်ထပ်ကိစ္စတစ်ခုမှာ အဖွဲ့လိုက်သန့်ရှင်းရေးဖြစ်ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) ကကျွန်ုပ်တို့သည် အဖွဲ့လိုက်သန့်ရှင်းရေးလုပ်ဆောင်ခြင်းကိုသာဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး ၂၀၁၂ အကုန်ပိုင်းတွင် ပရဝုဏ်တစ်ခုလုံးကိုပြောင်းလဲပြီးသားဖြစ်သွားမည်ဟုဖော်ပြခဲ့ပါသည်။ ငွေကြေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဒု-အုပ်ချုပ်ရေးမှူး ကယ်ရိုဂရေး (Karol Gray)မှ အဖွဲ့လိုက်သန့်ရှင်းရေးတွင်ပါဝင်သူ များအတွက် ဖုံတစ်ခု အလိုက် ဗီဒိုများ ပြုလုပ်ပေးရန် နှင့် လိုအပ်သောကိရိယာများဝယ်ယူရန်အတွက် ငွေများပေးအပ်ခဲ့ပါသည်။

တတိယမြောက်အဆိုင်းအတွက် အဖွဲ့ခေါင်းဆောင်ဆယ်ဦးရာထူးနေရာကို ပြုလုပ်ပေးပါလိမ့်မည်။ ပြောင်းလဲထားသည့်နေရာထိုင်ခင်းထိန်းသိမ်းရေးရာထူးမဟုတ်သည့် ရာထူးနေရာများလည်းရှိပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မကြာသေးမီက-တင်ပြခဲ့သော အဖွဲ့ခေါင်းဆောင်ရာထူးများအတွက် လျှောက်ထားသူ အုပ်စုဝင်များသည် မျှော်လင့်ထားသကဲ့သို့ ပြင်းထန်မှုမရှိကြောင်းဖော်ပြခဲ့ပါသည်။ မစ္စတာဖရဲလေး (Mr. Fraley) က အဖွဲ့ခေါင်းဆောင်ရာထူးနေရာဆိုသည်မှာ ကြီးကြပ်ရေးမှူးမှပျက်ကွက် သဖြင့် ထိုသို့သော နေရာကိုအခြားမည်သည့်အလုပ်သမားများမှမဝင်ရောက်လိုခဲ့ပါက ဝင်ရောက်လုပ်ကိုင်ရသည့်ရာထူးနေရာ ဖြစ်သည်ဟုလူအတော်များများကထင်မြင်ကြကြောင်းပြောကြားခဲ့ပါသည်။ အဖွဲ့ခေါင်းဆောင်ကကြီးကြပ်ရေးမှူးတာဝန်ကိုထမ်းဆောင်ကာ မည်သည့်သန့်ရှင်းရေးလုပ်ငန်း ကိုမှလုပ်ဆောင်ရန်မလိုကြောင်း ရှင်းပြခဲ့ပါသည်။

မစ္စစ်အဲန်လန် (Ms. Elfland) ကအဖွဲ့ခေါင်းဆောင်သည်ကြီးကြပ်ရေးမှူးမဟုတ်ကြောင်း၊ သို့သော်ကြီးကြပ်ရေးမှူး လက်ထောက်ဖြစ်ကြောင်း နှင့် အဖွဲ့ခေါင်းဆောင်မှ ထောက်ပံ့ပစ္စည်းများအလုပ်သမားများ ထံသို့ရောက်ရှိ လာနိုင်စေရန် နှင့် ယင်းတို့၏ကိုယ်ပိုင်နေရာထိုင်ခင်းထိန်းသိမ်းရေးတာဝန်များအပြင် ပျက်ကွက်မှုကြောင့် အလုပ်ဝန်များကို ချိန်ဆနိုင်စေရန်အတွက် သေချာအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းပြောကြားခဲ့ ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မှဟတ်(ဘ)ရစ်ချ်မွန် (Herb Richmond) မှ နေရာထိုင်ခန်းထိန်းသိမ်းရေး အဖွဲ့လိုက် သန့်ရှင်းရေးတွင် ပါဝင်သောသူအားလုံးကိုပြန်လည်သင်တန်းပေးခြင်းအားဖြင့် ဖွဲ့စည်းမည်၊ သို့မှသာအဖွဲ့ခေါင်းဆောင်များ၏အခန်းကဏ္ဍကိုရှင်းရှင်းလင်းလင်းသိရှိရမည်ဟုပြောကြားခဲ့ပါသည်။ မစ္စအဲန်လန် (Ms. Elfland) မှကော်မတီဝင်များအားယင်းတို့၏လုပ်ဖော်ကိုင်ဖက်များကို ထိုရာထူးနေရာ အသစ်များအား လျှောက်ထားကြရန်အတွက်အားပေးစေလိုကြောင်းအားပေးပြောကြားသွားခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၃၊ ၂၀၁၂ ကြာသပတေးနေ့တွင် နောင်တွင်အလုပ်သမားများထံသို့ ပေးအပ်မည်ဖြစ်သည့် အဖွဲ့လိုက်သန့်ရှင်းရေးအပေါ်တွင်မေးလေ့ရှိသောမေးခွန်းများ အကြမ်းစာရွက်တစ်စောင်ကို ကော်မတီအား ပေးအပ်ခဲ့ပါသည်။ မစ္စစ်အဲန်လန် (Ms. Elfland) မှစာရွက်စာတမ်းတွင်ပါဝင်သောအရာများအား ကော်မတီထံသို့ တုံ့ပြန်ချက်များကိုမေးမြန်းခဲ့ပါသည်။ ဆွေးနွေးချက်များအပေါ်မူတည်၍ မေးခွန်းနှစ်ခုကို စာရွက်စာတမ်းသို့ ပေါင်းထည့်ခဲ့ပါသည်။ - တစ်ခုမှာ အဖွဲ့လိုက်ခေါင်းဆောင်၏တာဝန်ကို ကြီးကြပ်ရေးမှူးတာဝန်နှင့် ခွဲခြားရန်၊ နှင့် အခြားတစ်ခုမှာ အဖွဲ့၏ဖွဲ့စည်းပုံကို သန့်ရှင်းရေးအထူးကျွမ်းကျင်တာဝန်များ အလိုက် အဆောက်အအုံ တစ်ခု မှ တစ်ခုသို့မည်သို့ ကွဲပြားသည်ဆိုသည်ကို ရှင်းပြခြင်းဖြစ်ပါသည်။

**<u>နောက်တစ်ကြိမ်အစည်းအဝေး</u>**

နောက်တစ်ကြိမ်အစည်းအဝေးကို မတ်လ၁၅၊ ၂၀၁၂၊ ကြာသပတေးနေ့၊ မနက်၇း၃၀ တွင် ချီး(ခ)/ကလပ်(ခ) (Cheek/Clark) အစည်းအဝေးခန်းမတွင်ပြုလုပ်မည်ဖြစ်ပါသည်။